http://www.dhammadownload.com



http://www.dhammadownload.com

# ဗုဒ္ဓသော်မှ

သာမဏေကျော်

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ● ၃၂၀၄၆၁၀၈၀၉

မျက်နှာဖုံးခွင့်ပြုချက် ● ၃၂၀၄၃၅၀၈၀၉

အုပ်ရေ ● ၂၀၀၀

တန်ဖိုး ● ၂၀၀

ပုံနှိပ်ခြင်း ● ၂၀၀၉-ခုနှစ်၊ ပထမအကြိမ်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ● ရွှေနိုင်ငံပုံနှိပ်တိုက်၊
ဦးမောင်မောင်လှ (မြ-၀၅၇၄၅)
အမှတ်(၉၀/စီ)၊ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ● ဦးအောင်ကြည်(ခ)ဦးသစ်လွင်(၀၉၄၈)၊
ကံ့ကော်မြိုင်စာပေ၊ အမှတ်(၁၁၃)၊
ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတ။

အတွင်းဖလင် ● ကိုမြင့်သူ

မျက်နှာဖုံးဒီဇိုင်း ● ကိုအောင်လွင်

### ဖြန့်ချိရေး

## သာမဏေကျော်

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်(လှော်ကားဥယျာဉ်အနီး)
မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၇၀၉၆၈၀

| | |
|---|---|
| သာမဏေကျော် | ၂၉၄.၃ |
| ဗုဒ္ဓသော်မှ/ သာမဏေကျော် - ရန်ကုန်။ | |
| ကံ့ကော်မြိုင်စာပေ ၊ ၂၀၀၉။ | |
| ၇၁ - စာ ၊ ၉.၁ × ၁၂.၅ စင်တီ။ | (က) ဗုဒ္ဓသော်မှ |

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | သိဒ္ဓတ္ထ | ၁ |
| ၂။ | နတ်ပြည်တွင် | ၂ |
| ၃။ | သန္ဓေတည်စဉ် | ၄ |
| ၄။ | မွေးဖွားပြီးလျှင် | ၇ |
| ၅။ | ဖွားဖက်တော် | ၁၀ |
| ၆။ | အံ့ဖွယ် | ၁၁ |
| ၇။ | ဗေဒင်ဟောကြပြီ | ၁၂ |
| ၈။ | ပဉ္စဝဂ္ဂီ | ၁၃ |
| ၉။ | နိမိတ် | ၁၄ |
| ၁၀။ | ဒုတိယအံ့ဖွယ် | ၁၅ |

http://www.dhammadownload.com


| | | |
|---|---|---|
| ၁၁။ | စုံဖက်ပြို | ၁၇ |
| ၁၂။ | လူအို | ၁၈ |
| ၁၃။ | လူနာ - လူသေ | ၁၉ |
| ၁၄။ | ရဟန်း | ၂၀ |
| ၁၅။ | ရာဟုလာ | ၂၁ |
| ၁၆။ | ကိသာဂေါတမီ | ၂၂ |
| ၁၇။ | သုသာန်ပမာ | ၂၃ |
| ၁၈။ | ဆန္ဒနှင့် ကဏ္ဍက | ၂၅ |
| ၁၉။ | ယသောဓရာနဲ့ သား | ၂၆ |
| ၂၀။ | အို. . . ကဏ္ဍက | ၂၇ |
| ၂၁။ | မာရ်နတ်နဲ့ အခြားနတ်တွေ | ၂၉ |
| ၂၂။ | အနောမာ | ၃၀ |
| ၂၃။ | ဆံပင် | ၃၁ |
| ၂၄။ | ရဟန်းသွင် | ၃၂ |
| ၂၅။ | ခွဲခွာကြပြီ | ၃၃ |

http://www.dhammadownload.com


| | | |
|---|---|---|
| ၂၆။ | ရာဇဂြိုဟ် | ၃၄ |
| ၂၇။ | ဆရာတွေနဲ့ တပည့်တွေ | ၃၆ |
| ၂၈။ | ဒုက္ကရစရိယာ | ၃၇ |
| ၂၉။ | စွန့်သွားကြလေပြီ | ၃၉ |
| ၃၀။ | သုဇာတာ | ၄၀ |
| ၃၁။ | နေရဉ္ဇရာ | ၄၁ |
| ၃၂။ | ၄၉ | ၄၂ |
| ၃၃။ | ရွှေခွက် | ၄၃ |
| ၃၄။ | ဗောဓိပင် | ၄၄ |
| ၃၅။ | မာရ်နတ် | ၄၆ |
| ၃၆။ | တစ်ယောက်တည်းသာ | ၄၈ |
| ၃၇။ | သူ့လက်နက် ကိုယ့်လက်နက် | ၅၀ |
| ၃၈။ | သက်သေ | ၅၂ |
| ၃၉။ | သိဒ္ဓတ် အောင်ပွဲ | ၅၄ |
| ၄၀။ | ဘုရားဖြစ်ချိန် | ၅၅ |

http://www.dhammadownload.com

၄၁။ ထူးထူးဆန်းဆန်း ၅၆
၄၂။ ဥဒါန်း ၅၈
၄၃။ (၇) ရက် (၇) လီ ၆၀
၄၄။ ညီနောင် ၆၃
၄၅။ သဟာမ္ပတိ ၆၆
၄၆။ ပဥ္စဝဂ္ဂီ ၆၇
၄၇။ ရဟန္တာ (၆၁) ၆၉
၄၈။ ဘဒ္ဒဝဂ္ဂီနဲ့ ညီနောင် (၃) ပါး ၇၀
၄၉။ ဗုဒ္ဓသော်မှ ၇၁

http://www.dhammadownload.com

# ဗုဒ္ဓသော်မှ

## သိဒ္ဓတ္ထ

၁။ သိဖွယ်မှန်သမျှ, ကုန်သိက, ဗုဒ္ဓ မည်ပါသည်။

၂။ လက္ခဏာကြီးငယ်, အသွယ်သွယ်,
တင့်တယ် သူ့ကိုယ်သည်။

၃။ ဘွဲ့ - ဂေါတမ, လူမည်က, သိဒ္ဓတ္ထ ဖြစ်သည်။

၄။ အနွယ်အရ, ဂေါတမ, နာမ တွင်ပါသည်။

၅။ မင်းမျိုးအပြင်, သာကီဝင်,
ဇာတ်တွင် သူ ဖြစ်သည်။

၆။ ကပိလဝတ်, ဇာတိရပ်,
ဖွားလတ် အင်ကြင်းဥယျာဉ်ဆီ။

http://www.dhammadownload.com



၇။ ဖ - သုဒ္ဓေါဒနာ, မိ - မာယာ,
သားမှာ ရာဟုလာ ဖြစ်သည်။
၈။ မယား - ယသောဓရာ, လုပ်ကျွေးမှာ,
အာနန္ဒာ ဖြစ်သည်။
၉။ မိထွေးတော်သည်, ဂေါတမီ,
ညီမှာ နန္ဒ ဖြစ်ပါသည်။
၁၀။ ကဆုန်လပြည့်, သောကြာနေ့,
ဖွားနေ့ ဖြစ်ပါသည်။
၁၁။ မဟာသက္ကရာဇ်, (၆၈), ဖွားနှစ် ဖြစ်ပါသည်။

## နတ်ပြည်တွင်

၁၂။ ဘုရား မပွင့်ခင်, နှစ်ကစ်ထောင်ပင်,
ကြိုတင် ကြွေးကြော်သည်။
၁၃။ ဘုရားဆိုတာ, လောကမှာ, ပွင့်လာပါတော့မည်။
၁၄။ ထိုအသံကြား, နတ်အများ,
စုဝြား သူ့ထံ သွားကြသည်။

http://www.dhammadownload.com



၁၅။ တုသိတာရပ်, လောင်းတော်မြတ်,
ချဉ်းကပ်တောင်းဆိုသည်။

၁၆။ ချိန်ခါ - ကျွန်း - ရပ်, အမျိုးဇာတ်,
မိမြတ်သက် ငါးလီ။

၁၇။ ဤသည့် ငါး၀, ကြည့်ပြီးမှ, သူက ၀န်ခံသည်။

၁၈။ နှစ်တစ်ရာမှ, အောက်ကာလ, ဗုဒ္ဓ မပွင့်ပြီ။

၁၉။ နှစ်တစ်သိန်းမှ, ထက်ကာလ, ဗုဒ္ဓ မပွင့်ပြီ။

၂၀။ တစ်ရာမှ စ, သိန်းထိပ, ဗုဒ္ဓ ပွင့်ပါသည်။

၂၁။ အသက်တန်းဟာ, နှစ်တစ်ရာ,
ထိုခါ ဖြစ်နေသည်။

၂၂။ တောင်ကျွန်းမှာသာ, များဗုဒ္ဓါ,
ပွင့်ကာ သွားကြသည်။

၂၃။ တောင်ကျွန်းထဲမှာ, လယ်ရပ်သာ,
မြတ်စွာ ပွင့်ပါသည်။

၂၄။ မင်းနဲ့ ပုဏ္ဏား, မျိုးနှစ်ပါး, ဘုရား ဖြစ်ပါသည်။

http://www.dhammadownload.com



၂၅။ (၁၀) လ (၇) ရက်, မယ်တော်သက်,
ဆက်လက် ရှည်ရသည်။
၂၆။ တုသိတာနတ်များ, ခြံရံကြား, ဝင်သွား ဥယျာဉ်ဆီ။
၂၇။ ဒီမှ လူပြည်, သွားဖို့ ရည်, မှာပြီ နတ်လီလီ။

## သန္ဓေတည်စဉ်

၂၈။ မဟာမာယာ, ဝမ်းဗိုက်မှာ,
သူဟာ သန္ဓေတည်။
၂၉။ ထိုခါ တစ်သောင်း, လောကဓာတ်ပေါင်း,
ကောင်းကောင်း တုန်လှုပ်ပြီ။
၃၀။ (၃၂) ပါး, နိမိတ်များ, ထင်ရှားပေါ်လာသည်။
၃၁။ သားအမိအား, နတ် (၄) ပါး,
စောင့်ကြား ပေးကြသည်။
၃၂။ ပတ္တမြားတွင်း, ကြိုး သီသွင်း, မြင်ရှင်းလှပါသည်။
၃၃။ မိဝမ်းတွင်းတွင်, ထိုကြိုးသွင်,
လှမ်းမြင်နေရသည်။

http://www.dhammadownload.com



၃၄။ လောင်းမြတ် တည်ရာ, ဝမ်းဗိုက်ဟာ,
ပမာ တိုက်စေတီ။
၃၅။ အခြားသတ္တဝါ, နေ - သုံးတာ, မှန်စွာ မရှိပြီ။
၃၆။ လောင်းမြတ် ဖွားပြီးလျှင်, (၇) ရက်တွင်,
မိခင် သေရသည်။
၃၇။ သေပြီးသောခါ, တုသိတာ,
နတ်ရွာ ရောက်လေသည်။
၃၈။ (၁၀) လ လွယ်ကာ, ရပ်လျက်သာ,
မိဟာ ဖွားမြင်သည်။
၃၉။ ကိုယ်ဝန် တည်စဉ်, ပေဒင်ရှင်, ကြိုတင် ဟောခဲ့ပြီ။
၄၀။ လူတွင် စကြာ, ရဟန်းမှာ,
မြတ်စွာ ဗုဒ္ဓ ဖြစ်လိမ့်မည်။
၄၁။ ကိုယ်ဝန် ရင့်မာ, ဖြစ်လာရာ,
ဆွေညာအိမ်ထံ သွားလိုပြီ။
၄၂။ မဟာမာယာကား, သူ့လင်အား,
ပြောကြားလိုက်ပါပြီ။

http://www.dhammadownload.com



၄၃။ ကပိလဝတ်မှ, ဒေဝဒဟ, မင်းက သွားဖို့ စီစဉ်ပြီ။
၄၄။ လမ်းကို ညီစေ, ရေအိုးပေ,
စသည်တွေပါ စီမံသည်။
၄၅။ ရွှေထမ်းစင်မှာ, မိမာယာ, တင်ကာ ထိုင်စေသည်။
၄၆။ အမတ်တစ်ထောင်က, မြှောက်ချီမ,
များစွာ ခြံရံ ပါရှိသည်။
၄၇။ မြို့ (၂) မြို့ကြားတွင်, အင်ကြင်းပင်,
တောခွင် ရှိပါသည်။
၄၈။ ရင်းမှ ဖျားထိ, ပွင့်ကြဘိ, အပြည့် ပွင့်နေသည်။
၄၉။ ပိတုန်း - ငှက်တွေ, ချိုသာပေ,
သံတွေ မြည်ကြသည်။
၅၀။ သစ်ကိုင်းတွေကြား, ပန်းတွေကြား,
ပြေးသွား ပျော်နေသည်။
၅၁။ မဟာမာယာ, ထိုတောမှာ, ပျော်ကာ နေလိုပြီ။
၅၂။ အမတ်တွေကား, မာယာအား,
ခေါ်သွား တော ဝင်ပြီ။

http://www.dhammadownload.com



၅၃။ အင်ကြင်းပင်အောက်မှာ, ရောက်တဲ့ခါ,
ကိုင်းမှာ ကိုင်လိုပြီ။

၅၄။ အင်ကြင်းကိုင်းဟာ, ညွှတ်လာကာ,
လက်မှာ ရောက်လာသည်။

၅၅။ လက်ကို ဆန့်ကာ, ကိုင်းဆီမှာ,
သူဟာ ကိုင်လိုက်ပြီ။

၅၆။ ထိုခါ ကာလ, ကမ္ဘဇ, လေက လှုပ်လာပြီ။

၅၇။ ကန့်လန့်ကာ ကာ, လူများစွာ, ဖယ်ခွာ သွားကြပြီ။

၅၈။ အင်ကြင်းကိုင်းတွင်, ကိုင်လျက်ပင်,
ရပ်စဉ် မွေးဖွားပြီ။

## မွေးဖွားပြီးလျှင်

၅၉။ မဟာဗြဟ္မာ, (၄) ယောက်ဟာ,
ရွှေဇာ ယူ၍ ရောက်လာသည်။

၆၀။ ရွှေဇာနဲ့ ခံ, မိ ရှေ့ထံ, အပ်နှံ လျှောက်ကြသည်။

http://www.dhammadownload.com



၆၁။ အို. . . မိဖုရား, ရှင်စိတ်ပွား,
သားကား ဘုန်းကြီးသည်။
၆၂။ ဝမ်းမှ ထွက်ခါ, ညစ်ပေတာ, သူ့မှာ မရှိပြီ။
၆၃။ ဓမ္မကထိက, ပလ္လင်မှ, ဆင်းကြွပုံ တူသည်။
၆၄။ လှေကားပေါ်မှ, သက်ဆင်းရ, ဖြစ်က တူပါသည်။
၆၅။ နှစ်ဖက် ခြေ - လက်, ဆန့်တန်းလျက်,
ရပ်လျက် မွေးလာသည်။
၆၆။ အဝတ်ကောင်း တင်, ပတ္တမြား သွင်,
သန့်စင် တောက်ပသည်။
၆၇။ သားအမိထံ, ပူဇော်ရန်,
ကောင်းကင်ယံမှ ရေ ကျသည်။
၆၈။ သားအမိကိုယ်မှာ, အငွေ့ပါ, ရကာ သွားစေပြီ။
၆၉။ နတ်ကြီး (၄) ထွေ, နူးညံ့ပေ,
သစ်နက်ရေနဲ့ ခံကြသည်။

http://www.dhammadownload.com



၇၀။ လူတွေ ခံလတ်, ဘွဲ့ဖြူဝတ်,
လွတ်လပ် မြေမှာ တည်။
၇၁။ လက်မှ လွတ်လာ, ရှေ့မျက်နှာ,
သူဟာ ကြည့်ပါသည်။
၇၂။ စကြဝဠာ, ထောင်များစွာ,
တစ်ပြင်တည်းသာ ဖြစ်နေသည်။
၇၃။ နတ်လူတွေဟာ, ပန်းနံ့သာ, ယူကာ ပူဇော်ပြီ။
၇၄။ သင်နဲ့ တူသူ, သာတဲ့ သူ, နတ်လူထဲမှာ မရှိပြီ။
၇၅။ နတ်လူတွေကား, ဤစကား,
ပြောကြားကြပါသည်။
၇၆။ ရပ် (၁၀) မျက်နှာ, ကြည့်လိုက်ရာ,
တူသူဆိုတာ မမြင်ပြီ။
၇၇။ မြောက်အရပ်မှာ, ခြေလှမ်းရာ,
(၇) ခါ လှမ်းသည်။

http://www.dhammadownload.com



၇၈။ မဟာဗြဟ္မာ, ထီးဆောင်းကာ,
ယပ်မှာ သုယာမာ ခတ်သည်။

၇၉။ မင်းမြောက်ဘဏ္ဍာ, နတ်တွေဟာ,
ကိုင်ကာ လိုက်ကြသည်။

၈၀။ (၇) လှမ်းရှမြောက်မှာ, ရပ်လျက်သာ,
ရဲရင့်စွာ မိန့်သည်။

၈၁။ ငါ အဦးဆုံး, အကြီးဆုံး, သာဆုံး ဖြစ်ပါသည်။

၈၂။ ဒီဘဝဟာ, နောက်ဆုံးသာ, နောင်ခါ မဖြစ်ပြီ။

၈၃။ (၃၂) ဖြာ, နိမိတ်ဟာ,
ဖွားခါမှာလည်း ဖြစ်ပေါ်သည်။

## ဖွားဖက်တော်

၈၄။ ယသောဓရာ, အာနန္ဒာ, ဆန္နာ ဥဒါယီ။

၈၅။ ကဏ္ဍက - ဗောဓိ, ရွှေအိုးထိ,
ဖွားသည့်ချိန် တူသည်။

http://www.dhammadownload.com



၈၆။ သခ် - ဇလေ, ဥပ္ပလ, တစ်ဝ ပုဏ္ဏာရီ။

၈၇။ ဂါဝုတ် တစ် နှစ်, သုံး လေးဖြစ်,
ရွှေနှစ်အိုး (၄) လီ။

# အံ့ဖွယ်

၈၈။ (၂) မြို့ လူများ, လောင်းဘုရား,
ယူသွား ကပိလဝတ်ဆီ။

၈၉။ ကာဠုဒေဝီလ, ရသေ့က, အဖဆရာ ဖြစ်သည်။

၉၀။ ရသေ့မြတ်အား, လောင်းဘုရား,
ဝပ်တွားစေချင်သည်။

၉၁။ ဖခင် ဆောင်စွ, သားခြေက,
ဆရာ့ခေါင်းပေါ် တည်။

၉၂။ ရသေ့မြတ်ကား, သားလေးအား,
လေးစား လက်အုပ်ချီ။

၉၃။ အံ့ဩဖွယ် မြင်, ဖဘုရင်, သားတွင် ရှိခိုးပြီ။

http://www.dhammadownload.com



# ဗေဒင်ဟောကြပြီ

၉၄။ ငါးရက်မြောက်လာ, သားခေါင်းမှာ,
လျှော်ကာ ပေးပါသည်။
၉၅။ (၁၀၈) ပါး, ပုဏ္ဏားများ, ဖကား ဖိတ်လိုက်ပြီ။
၉၆။ သားလေးနာမည်, ပေးဖို့ ရည်,
ဖသည် ဆွမ်းကျွေးသည်။
၉၇။ (၈) ယောက်သည်သာ, လက္ခဏာ,
ကြည့်ကာ ဟောပါသည်။
၉၈။ လက် (၂) ချောင်း ထောင်ကာ, (၇) ယောက်ဟာ,
နှစ်ဖြာ ဟောပါသည်။
၉၉။ လူဝတ်ကြောင်တွင်, နေပါလျှင်,
ဘုရင် စကြာ ဖြစ်လိမ့်မည်။
၁၀၀။ ရဟန်းဘဝ, နေပါက, ဗုဒ္ဓ ဖြစ်လိမ့်မည်။
၁၀၁။ ကောဏ္ဍညသာ, တစ်ချောင်းသာ,
ထောင်ကာ ဟောလိုက်သည်။

http://www.dhammadownload.com



၁၀၂။ ဒီကလေးဟာ, ဗုဒ္ဓသာ, သေချာ ဖြစ်လိမ့်မည်။
၁၀၃။ ကောဏ္ဍညကား, ငယ်သော်ငြား,
ဉာဏ်အား ပိုသာသည်။
၁၀၄။ တစ်လောကလုံးအား, ကျိုးစီးပွား,
သူကား ပြီးစေသည်။
၁၀၅။ ထို့ကြောင့် နာမ, သိဒ္ဓတ္ထ, မှည့်ကြပါလေသည်။

## ပဉ္စဝဂ္ဂီ

၁၀၆။ ကောဏ္ဍညဟာ, ထိုထဲမှာ,
သက်ဟာ ငယ်ဆုံး ဖြစ်သည်။
၁၀၇။ ဉရုဝေလမှာ, လောင်းမြတ်ဟာ,
နေခါ ဖြစ်ပါသည်။
၁၀၈။ ကောဏ္ဍညကား, ထိုကြောင်း ကြား,
အခြားသူတွေထံ သွားသည်။
၁၀၉။ ကျန်ပုဏ္ဏား သား, (၄) ယောက်ကား,
သဘောထား တူသည်။

http://www.dhammadownload.com



၁၁၀။ ကျန် (၃) ယောက်ကား,
သဘောထား, ကွဲပြားနေပါသည်။
၁၁၁။ ထို (၅) ယောက်သည်, ရဟန်းဝတ်ပြီ,
ပဥ္စဝဂ္ဂီ ဖြစ်သွားသည်။

## နိမိတ်

၁၁၂။ အို - နာ - သေသူ, ရဟန်းဟူ, လေးဆူ နိမိတ်မည်။
၁၁၃။ နိမိတ် (၄) ပါး, လောင်းဘုရား,
မြင်သွား ရဟန်းပြုမည်။
၁၁၄။ ထိုလေးမျိုးနှင့်, တွေ့ဆုံခွင့်,
ဆင့်ဆင့် အဖ တားသည်။
၁၁၅။ ရုပ်လွန်လှပြေား, ထိန်းတော်များ,
ဖကား ထားပေးသည်။
၁၁၆။ ခြံရံများစွာ, လွန်တင့်စွာ, သားဟာ ကြီးလာသည်။

http://www.dhammadownload.com



## ဒုတိယအံ့ဖွယ်

၁၁၇။ ဖခင်မင်းမှာ, လယ်ထွန်တာ,
မင်္ဂလာ ဖြစ်ပေါ်သည်။
၁၁၈။ တစ်မြို့လုံးမှာ, နတ်ပြည်ပမာ,
တန်ဆာ ဆင်ထားသည်။
၁၁၉။ လယ်ထွန် မင်္ဂလာ, ခမ်းနားစွာ,
သူဟာ ကျင်းပသည်။
၁၂၀။ လောင်းဘုရားဟာ, ထိုနေရာ,
လိုက်ပါသွားပါသည်။
၁၂၁။ ရိပ်ကောင်းစည်ပင်, သပြေပင်,
အောက်တွင် ထိုင်နေသည်။
၁၂၂။ နေရာ ခင်းကာ, ကန့်လန့်ကာ, ကာရံပေးပါသည်။
၁၂၃။ မျက်နှာကြက် တင်, အစောင့်ပင်,
ဖခင် ထားပေးသည်။

http://www.dhammadownload.com



၁၂၄။ သူ့ထိန်းတော်များ, အကြည့်သွား,
သူကား ကျန်ရစ်သည်။
၁၂၅။ ဘေးကို ကြည့်က, မမြင်ရ, မြန်စွ ထထိုင်သည်၊
၁၂၆။ လေ ဝင်ထွက်လတ်, ရှုကာ မှတ်,
ရအပ် စျာန်တစ်လီ။
၁၂၇။ ကျန်သစ်ပင်များ, ရိပ်လွန်သွား,
သပြေကား ဝိုင်းလျက် တည်။
၁၂၈။ ကန့်လန့်ကာ ဖွင့်ကာ, တွင်း ကြည့်ရာ,
အံ့စရာ တွေ့ကြသည်။
၁၂၉။ မင်းအား ပြောကြ, မင်း ကြည့်က,
အံ့စရာ မြင်သွားသည်။
၁၃၀။ ထိုခါ သားအား, ဖခင်ကား, ဝပ်တွား ရှိခိုးသည်၊

http://www.dhammadownload.com



# စုံဖက်ပြီ

၁၃၁။ (၁၆) နှစ်မှာ, ယသောဓရာ, သူဟာ စုံဖက်သည်။

၁၃၂။ စံနန်း ရမ္မ, သုရမ္မ, သုဘ ဖြစ်ပါသည်။

၁၃၃။ ဆောင်း - နွေ - မိုးခါ, နန်းသုံးမှာ,
သူဟာ စံပါသည်။

၁၃၄။ (၉၊ ၅၊ ၇), ဘုံအဆင့်, အမြင့် တူပါသည်။

၁၃၅။ (၁၆) နှစ်မှာ, နန်းစံပါ, (၂၉) မှာ တောထွက်သည်။

၁၃၆။ မောင်းမပေါင်းကား, လေးသောင်းများ,
ထိပ်ထား ယသောဓရာ ဖြစ်သည်။

၁၃၇။ ဘုရားလောင်းကား, နတ်သားလား,
ခံစားကြီးကျယ်သည်။

၁၃၈။ တစ်နေ့မှာကား, ဆွေမျိုးများ,
စကား ဤသို့ ဆိုကြသည်။

၁၃၉။ သိဒ္ဓတ္ထဟာ, ပျော်ပါးသာ, ပညာ မတတ်ပြီ။

၁၄၀။ သိဒ္ဓတ္ထက, ဤသို့ပ, ပြောပြလိုက်ပါသည်။

http://www.dhammadownload.com



၁၄၁။ ငါ့မှာ ပညာ, သင်စရာ, မှန်စွာ မလိုပြီ။
၁၄၂။ တစ်ဖက်ကမ်းခတ်, လေးအတတ်,
ပြလတ် ယုံသွားပြီ။

## လူအို

၁၄၃။ တစ်နေ့သောခါ, လောင်းမြတ်စွာ,
သွားပါ ဥယျာဉ်ဆီ။
၁၄၄။ ထိုခါ နတ်များ, ဖန်ဆင်းထား, အိုဒြား လူ မြင်ပြီ၊
၁၄၅။ ရထားထိန်းပါ, လောင်းမြတ်ပါ,
ထိုဟာ မြင်ကြသည်။
၁၄၆။ လောင်းမြတ် မေးရာ, ရထားထိန်းဟာ,
ဖြေကာ ပြလေပြီ။
၁၄၇။ လောင်းမြတ်စိတ်မှာ, ထိုဇရာ,
ထိတ်ကာ လန့်သွားပြီ။
၁၄၈။ ထိုနေရာမှ, ပြန်လှည့်ဂ, တက်ထ ပြာသာဒ်ဆီ။
၁၄၉။ ဖခင်မင်းဟာ, မေးကြည့်ရာ, မှန်စွာ သိသွားပြီ။

http://www.dhammadownload.com



၁၅၀။ ရဟန်းဝတ်သွားမှာ, ဖခင်ဟာ, လွန်စွာ ပူပန်သည်။
၁၅၁။ ထိုခါ ဖကား, အစောင့်များ, တိုးပွားချလေပြီ။
၁၅၂။ ၂ - ဂါဝုတ်ထိ, ရပ်တိုင်း ရှိ, စောင့်ကြည့်နေကြပြီ။

## လူနာ - လူသေ

၁၅၃။ နောင်တစ်နေ့မှာ, လောင်းမြတ်ဟာ,
လူနာ တွေ့သွားသည်။
၁၅၄။ ရှေးနည်းတူစွာ, ပြန်လှည့်လာ,
၃ - ဂါဝုတ်တိုင် စောင့်ထားပြီ။
၁၅၅။ နောက်ထပ်တစ်နေ့, လူသေ တွေ့,
ပြန်ကွေ့လာခဲ့သည်။
၁၅၆။ ထိုခါ သူ့အား, သံဝေ ပွား,
ကြောက်အား ပိုလာသည်။
၁၅၇။ တစ်ယူဇနာထိ, စောင့်ထားဘိ,
သား၏ ဖခင် ပူလေပြီ။

http://www.dhammadownload.com



# ရဟန်း

၁၅၈။ နတ် ဖန်ဆင်းလတ်, ရဟန်းမြတ်,
လောင်းမြတ် မြင်တွေ့ပြီ။
၁၅၉။ ရဟန်း မြင်ရာ, နှစ်ခြိုက်ကာ, သွားပါ ဥယျာဉ်ဆီ။
၁၆၀။ ဥယျာဉ်ဆီမှာ, တစ်နေ့တာ,
သူဟာ ပျော်လိုက်သည်။
၁၆၁။ မင်္ဂလာကန်မှာ, ရေချိုးကာ,
ကျောက်ဖျာပေါ် ထိုင်သည်။
၁၆၂။ နေဝင်ချိန်မှာ, ဆင်တန်ဆာ, ဆင်တာ လိုလားပြီ။
၁၆၃။ ခြွေရံတွေကား, တန်ဆာများ, ယူပြား ဝိုင်းရံတည်။
၁၆၄။ သိကြားနေရာ, ထိုချိန်မှာ, ပူကာ သွားပါသည်။
၁၆၅။ စူးစမ်းကြည့်က, သိသွားစွ,
ဝိဿကြံ့ကို လွှတ်လိုက်ပြီ။
၁၆၆။ ဝိဿကြံ့ကား, သူ့ထံ သွား,
ဝတ်များ ဆင်ပေးသည်။

http://www.dhammadownload.com



၁၆၇။ တန်ဆာဆင်လတ်, ရထားမြတ်,
လောင်းမြတ် တက်စီးသည်။

## ရာဟုလာ

၁၆၈။ ထိုချိန်ခါမှာ, ရာဟုလာ, ဖွားတာ သူ ကြားသည်။
၁၆၉။ ဖခင်ကြီးကား, သူ့သားအား,
မြေးဖွားသတင်း ပေးစေသည်။
၁၇၀။ ထိုသတင်း ကြား, လောင်းဘုရား,
စကား ဤသို့ ဆိုပါပြီ။
၁၇၁။ အနှောင်ဖွဲ့ဟာ, ငါ့ထံမှာ, ဖြစ်ကာ လာပေပြီ။
၁၇၂။ ဖခင်ကြီးကား, သားစကား,
ပြန်ကြားလိုက်ပါသည်။
၁၇၃။ ထိုစကား ထောက်ကာ, ရာဟုလာ,
မှည့်ကာ ပေးလိုက်သည်။

http://www.dhammadownload.com



# ကိသာဂေါတမီ

၁၇၄။ ရထားစီးကာ, ခြံရံပါ, မြို့မှာ ဝင်သွားပြီ။

၁၇၅။ ဂေါတမီ ကိသာ, မြင်သွားရာ,
ဝမ်းသာ ကျူးရင့်သည်။

၁၇၆။ သူ့မိ - သူ့ဖ, သူ့မိန်းမ, ဘဝ ငြိမ်းချမ်းသည်။

၁၇၇။ ထိုစကား ကြား, လောင်းဘုရား,
စဉ်းစားသွားလေပြီ။

၁၇၈။ ဘာတွေ ငြိမ်းမှ, နှလုံးက, ငြိမ်းရပေလိမ့်မည်။

၁၇၉။ ရာဂ - ဒေါသ, မိုက်မောဟ,
ကိလေသတွေ ငြိမ်းရမည်။

၁၈၀။ ထိုခါမှသာ, နှလုံးဟာ, ကောင်းစွာ ငြိမ်းပေမည်။

၁၈၁။ ဒီသူမကား, ကောင်းစကား, ငါ့အား ကြားစေပြီ။

၁၈၂။ နိဗ္ဗာန်ကိုသာ, ရှာမှီးကာ,
ငါဟာ လှည့်လည်သည်။

၁၈၃။ ဒီနေ့မှာပင်, လူ့ဘောင်ခွင်, မှန်ပင် စွန့်ရမည်။

http://www.dhammadownload.com



၁၈၄။ ရဟန်းဝတ်ကာ, နိဗ္ဗာန်ရှာ, ငါဟာ လုပ်သင့်ပြီ။

၁၈၅။ ဒီပုလဲကုံးကား, ဆရာစား, သူမအား ဖြစ်စေ။

၁၈၆။ ဤသို့ တွေးကာ, လောင်းမြတ်ဟာ,
လည်မှာ ချွတ်လိုက်ပြီ။

၁၈၇။ လည်ပင်းမှ ချွတ်, ပုလဲမြတ်, ပို့အပ် သူမဆီ။

၁၈၈။ တစ်သိန်းတန်လတ်, ပုလဲမြတ်,
ရလတ် သူ ပျော်သည်။

၁၈၉။ သိဒ္ဓတ္ထဟာ, ငါ့ပေါ် မှာ, ချစ်ကာ နေလေပြီ။

၁၉၀။ ဤသို့ တွေးကာ, သူ့စိတ်မှာ, လွန်စွာ ပျော်နေပြီ။

## သုသာန်ပမာ

၁၉၁။ ဘုရားလောင်းဟာ, နန်းတော်လာ,
အိပ်ရာ ဝင်အိပ်ပြီ။

၁၉၂။ က - ဆို - တီးငြား, မိန်းမများ,
သူ့အား ဖြေဖျော်သည်။

http://www.dhammadownload.com



၁၉၃။ တပ်မက်ကင်းကာ၊ လောင်းမြတ်ဟာ၊
မြန်စွာ အိပ်ပျော်သည်။
၁၉၄။ မောင်းမများပါ၊ သူလိုသာ၊ အိပ်ကာ ပျော်ကြပြီ။
၁၉၅။ ဆီမီးထွန်းထား၊ လောင်းဘုရား၊
နိုးသွား ထိုင်လိုက်သည်။
၁၉၆။ သွားရည် ယိုကျ၊ သွား ကြိတ်ကြ၊
ဟောက်ကြ ယောင်ကြသည်။
၁၉၇။ ပါးစပ် ပွင့်ပါ၊ ဝတ် ကျွတ်ကာ၊
ဟိုဟာ ပေါ်ကြသည်။
၁၉၈။ ထိုမြင်ကွင်း မြင်၊ လောင်းမြတ်တွင်၊
လွန်ပင် စိတ်ကုန်ပြီ။
၁၉၉။ နန်းတော်ကြီးဟာ၊ သုသာန်ပမာ၊
သူမှာ ထင်နေသည်။
၂၀၀။ ဘဝသုံးဖြာ၊ မီးလောင်ရာ၊ အိမ်ပမာ ထင်သည်။
၂၀၁။ နိပ်စက်လေစွ၊ ဆင်းရဲစွ၊ နှုတ်က ရွတ်ဆိုပြီ။

http://www.dhammadownload.com



# ဆန္ဒနှင့် ကဏ္ဍက

၂၀၂။ ရဟန်းဘဝမှာ, လွန်ကဲစွာ, စိတ်ဟာ ညွတ်နေပြီ။
၂၀၃။ ယနေ့ပင်လျှင်, တောရပ်တွင်, ခိုဝင်သင့်လှပြီ။
၂၀၄။ ဤသို့ တွေးဆ, အိပ်ရာမှ, သူက ထလိုက်သည်။
၂၀၅။ တံခါးနီးနား, သူ ကြွသွား,
သူကား မေးလိုက်သည်။
၂၀၆။ တံခါးခုံမှာ, ခေါင်းတင်ကာ, ဆန္ဒဟာ အိပ်သည်။
၂၀၇။ ဆန္ဒကိုပင်, သင် မြင်းပြင်, အရှင် မိန့်လိုက်သည်။
၂၀၈။ မြင်းဆင်တန်ဆာ, ယူပြီးကာ,
သွားပါ တင်းကုပ်ဆီ။
၂၀၉။ ကဏ္ဍကမြင်း, အလွန်ပြင်း,
တင်းတင်း တပ်ဆင်သည်။
၂၁၀။ ကဏ္ဍကဟာ, နားလည်ကာ, ရွှင်စွာ မြည်ဟီးပြီ။
၂၁၁။ မြင်းဟီသံကား, မြို့လုံးအား,
လွှမ်းသွားစေပါမည်။

http://www.dhammadownload.com



၂၁၂။ နတ်တွေသည်ကား, ထိုသံအား,
မကြားအောင် လုပ်သည်။

## ယသောဓရာနဲ့ သား

၂၁၃။ ဆန္န လွှတ်ကာ, သားကို ငါ,
ကြည့်မှာလို့ ကြံသည်။

၂၁၄။ ပလ္လင်မှ ထကာ, ယသောဓရာ,
နေရာကို သွားသည်။

၂၁၅။ တိုက်ခန်းတံခါး, ဖွင့်ပြီးငြား, တံခါးခုံမှာ ရပ်ပြီ။

၂၁၆။ တိုက်ခန်းတွင်းမှာ, ဆီမီးဟာ,
လင်းကာ နေပါသည်။

၂၁၇။ ပန်းတွေ ပြန့်ရာ, အိပ်ရာမှာ,
ယသောဓရာ အိပ်သည်။

၂၁၈။ သားဦးထိပ်တွင်, လက်ကို တင်,
အရှင်မ အိပ်သည်။

http://www.dhammadownload.com



၂၁၉။ ငါ့သား ယူက, အရှင်မ, နိုးထလာပေမည်။

၂၂၀။ တောထွက်ဖို့တွက်, နှောင့်အယှက်, ပေါ်ထွက်လာပေမည်။

၂၂၁။ ဘုရားဖြစ်ပြီးမှသာ, သားချစ်မှာ, ငါဟာ ရှုစားမည်။

၂၂၂။ ဤသို့ တွေးဆ, နန်းတော်မှ, သူက ဆင်းသွားပြီ။

## အို ... ကဏ္ဍက

၂၂၃။ မြင်းအနီးသွား, ဤစကား, ပြောကြားလိုက်ပါသည်။

၂၂၄။ အို ... ကဏ္ဍက, ဒီတစ်ည, ငါ့ကို ဆောင်ပို့ပါ။

၂၂၅။ သင့်ကို မှီလစ်, ဘုရားဖြစ်, ဝဋ်နှစ်သူတွေ ဆယ်ထုတ်မည်။

၂၂၆။ ခုန်တက်ပြီးကာ, မြင်းကျောမှာ, တက်ကာ စီးလေပြီ။

http://www.dhammadownload.com



၂၂၇။ မြင်း ကဏ္ဍက, လည်ပင်းမှ, စ၍ တိုင်းပါမည်။
၂၂၈။ အလျား (၁၈), ထိုနှင့် သင့်, အမြင့် ရှိပါသည်။
၂၂၉။ အားဟုန်ပြည့်လတ်, ကုန် ဖြူဆွတ်,
ပွတ်အပ် ခရုသင်း တူသည်။
၂၃၀။ ခြေလှမ်းတိုင်းမှာ, လက်ပြင်ဟာ,
အောက်မှာ ခံကြသည်။
၂၃၁။ နတ်တွေသည်ကား, ခြေသံများ,
မကြားအောင် လုပ်သည်။
၂၃၂။ မြင်းရဲ့ကျောလယ်, သူ စီးတယ်,
မြီးဝယ် ဆန္န ဆွဲခိုင်းသည်။
၂၃၃။ တံခါးစောင့်နတ်ဟာ, သန်းခေါင်ခါ,
ဖွင့်ကာ ပေးလိုက်သည်။

http://www.dhammadownload.com



## မာဂ်ရ်နတ်နဲ့ အခြားနတ်တွေ

၂၃၄။ ထိုချိန်ခါမှာ, မာရ်နတ်ဟာ,
လာကာ တားမြစ်သည်။

၂၃၅။ ဘုရားလောင်းဟာ, မင်း စကြာ, ဖြစ်မှာ မလိုပြီ။

၂၃၆။ စကြာမင်းဖြစ်အင်, တံတွေးသွင်, အရှင် စွန့်ခဲ့ပြီ။

၂၃၇။ ဝါဆိုလပြည့်မှာ, လောင်းမြတ်ဟာ,
ထွက်ခွာခဲ့ပါသည်။

၂၃၈။ ထွက်ခွာပြီးလျှင်, သူ့မြို့တွင်,
ကြည့်ချင်စိတ် ပေါ်သည်။

၂၃၉။ စိတ်ဖြစ်ကာမျှ, မြေကြီးက, လှည့်ရပါလေပြီ။

၂၄၀။ ရှေ့ - နောက် - ဝဲ - ယာ, မီးရှူးဟာ,
လင်းပါ ခြောက်သောင်းစီ။

၂၄၁။ စကြဝဠာနှုတ်ခမ်းရစ်မှာ, မီးရှူးဟာ,
တိုင်းတာ မရှိပြီ။

http://www.dhammadownload.com



၂၄၂။ ထိုမီးရှူးသာ, နတ်တွေဟာ, ပူဇော်တာ မဟုတ်ပြီ။
၂၄၃။ နတ်ဖြစ် နံ့သာ, ပန်း - မှုန့်ပါ, ခိုးပါ ပူဇော်သည်။
၂၄၄။ သံသာချိုမြ, နတ်ဂီတ, ဆိုကြ ပူဇော်ပြီ။

## အနောမာ

၂၄၅။ တစ်ည သွားရာ, အနောမာ,
ကမ်းမှာ ရောက်သွားသည်။
၂၄၆။ (၃) နိုင်ငံကျော်, ယူဇနာသော်,
(၃၀) ကျော် ဝေးသည်။
၂၄၇။ မြစ်ကမ်း တည်ပြီ, လောင်းမြတ်သည်,
မြစ်မည် မေးပါသည်။
၂၄၈။ အနောမာမည်, ကြားရပြီ, မြတ်မည် ရဟာန်းသည်။
၂၄၉။ ဤသို့ တွေးရောက်, ဖနောင့်ပေါက်,
ကူးမြောက်ဖို့ သတိပေးသည်။
၂၅၀။ မြင်းက ခုန်လွှား, ဟိုကမ်း သွား,
မြစ်ကား (၈) ဥသဘ ကျယ်သည်။

http://www.dhammadownload.com



၂၅၁။ မြင်းမှ ဆင်းကာ, သဲပြင်မှာ,
ရပ်ကာ သူ ပြောသည်။

၂၅၂။ ငါ့ပစ္စည်းတွေရော, ကဏ္ဍကရော,
ယူလော အသင်သည်။

၂၅၃။ ရဟန်းဘဝ, အို ဆန္န, ငါက ပြောင်းတော့မည်။

၂၅၄။ ရဟန်းဘဝတွင်, အရှင်လိုပင်, ခိုဝင်ပါတော့မည်။

၂၅၅။ (၃) ကြိမ်ထိပင်, ပယ်ပြီးလျှင်,
အရှင် သွားခိုင်းသည်။

## ဆံပင်

၂၅၆။ လက်ယာဘက်လက်, သန်လျက်,
ဘယ်ဘက် ဆံကိုင်သည်။

၂၅၇။ ဆံပင် ကိုင်က ၁, ကိုယ်တိုင်သာ,
သူဟာ ဖြတ်လိုက်သည်။

၂၅၈။ လက် (၂) သစ် ကျန်ပါ, ညာ လှည့်ကာ,
ခေါင်းမှာ ငြိကပ်သည်။

http://www.dhammadownload.com



၂၅၉။ ဆံအားလျော်စွာ, မုတ်ဆိတ်ဟာ,
တည်ကာ နေပါသည်။

၂၆၀။ ဆံ - မုတ်ဆိတ်မှာ, နောင်သောခါ,
ရိတ်တာ မရှိပြီ။

၂၆၁။ ဘုရားဖြစ်မည်ဆိုရင်, ဒီဆံပင်,
ကောင်းကင်တွင် တည်စေ။

၂၆၂။ မဖြစ်ပါက, မြေပေါ် ကျ, သူက မိဋ္ဌာန်သည်။

၂၆၃။ ဆံကေသာဟာ, တစ်ယူဇနာ,
တက်ကာ ကောင်းကင် တည်။

၂၆၄။ ထိုဆံပင်များ, နတ်သိကြား, ယူသွား စေတီတည်။

## ရဟန်းသွင်

၂၆၅။ ဃဋိကာရဗြဟ္မာ, လာရောက်ကာ,
ပရိက္ခရာ လှူသည်။

၂၆၆။ မဟာဗြဟ္မာ, ဝတ်စုံသာ, ယူကာ စေတီတည်။

http://www.dhammadownload.com



၂၆၇။ လောင်းမြတ်အရှင်, ရဟန်းသွင်,
ယူငင်လိုက်လေပြီ။

## ခွဲခွာကြပြီ

၂၆၈။ မိဘတွေအား, ကျန်းမာဖြား,
ပြောကြားဖို့ မှာသည်။

၂၆၉။ ဆန္နမတ်ကား, လောင်းဘုရား,
ဝပ်တွား ရှိခိုးသည်။

၂၇၀။ ရှိခိုးပြီးခါ, ဆန္နဟာ, ဖဲခွာသွားလေပြီ။

၂၇၁။ ကဏ္ဍကကား, လောင်းဘုရား,
စကားကြားလျက် တည်။

၂၇၂။ မျက်ကွယ် ရောက်ရာ, ရင်ကွဲနာ,
ကျကာ မြင်း သေပြီ။

၂၇၃။ တာဝတိံသာ, နတ်ပြည်မှာ,
မြင်းဟာ နတ် ဖြစ်သည်။

http://www.dhammadownload.com



၂၇၄။ သောကဖြစ်ကာ, ဆန္ဒဟာ, ငိုကာ မြို့ သွားပြီ။
၂၇၅။ သက်န်းဝတ်ကာ, လောင်းမြတ်ဟာ,
သရက်တောမှာ နေသည်။
၂၇၆။ သရက်တောက, အနုပိယ, နာမ မည်တွင်သည်။

## ရာဇဂြိုဟ်

၂၇၇။ (၇) ရက် နေကာ, ခြေလျင်သာ,
ရာဇဂြိုဟ်ကို သွားပါသည်။
၂၇၈။ ထိုခရီးဟာ, တစ်ရက်ကြာ,
ယူဇနာ (၃၀) ဝေးပါသည်။
၂၇၉။ ရာဇဂြိုဟ်တွင်, ဆွမ်းခံဝင်,
မြင်မြင်သမျှ အံ့ကြသည်။
၂၈၀။ မင်းခစားများ, မင်းထံ ကြား, မင်းကား အံ့သြပြီ။
၂၈၁။ မင်းခစားတွေ, စုံစမ်းလေ, သူလေ မိန့်လိုက်ပြီ။
၂၈၂။ ဘီလူး ဖြစ်ရင်, မြို့အပြင်,
ရောက်ရင် ပျောက်လိမ့်မည်။

http://www.dhammadownload.com



၂၈၃။ နတ် ဖြစ်ခဲ့ပါ, ကောင်းကင်မှာ,
သူဟာ သွားလိမ့်မည်။
၂၈၄။ နဂါး ဖြစ်ရင်, မြေကြီးတွင်, ငုတ်ဝင်သွားလိမ့်မည်။
၂၈၅။ လူသား ဖြစ်ရင်, ရဘောဇဉ်,
ထိုတွင် စားလိမ့်မည်။
၂၈၆။ ရောပြွမ်းဆွမ်း မြင်, တောင်ရိပ်တွင်,
အန့်ချင်စိတ်တောင် ဖြစ်ခဲ့သည်။
၂၈၇။ ဒီလိုအစာ, ရှေးအခါ, သူဟာ မမြင်ဖူးပြီ။
၂၈၈။ ထို့ကြောင့် သူ့မှာ, စက်ဆုပ်တာ,
စိတ်မှာ ဖြစ်ပေါ်သည်။
၂၈၉။ ကိုယ့်ကို ဆုံးမ, အာဟာရ, စားရပါလေသည်။
၂၉၀။ စုံစမ်းသွားပြား, လူတွေကား,
မင်းအား လျှောက်တင်ပြီ။
၂၉၁။ ဗိမ္ဗိသာရ, အမြန် ကြွ, ဘုရားလောင်းထံဆီ။

http://www.dhammadownload.com



၂၉၂။ ဘုရားလောင်း မူရာ, ကြည့်ပြီးခါ,
မင်းဟာ ကြည်ညိုသည်။
၂၉၃။ ဘုရားလောင်းအား, စည်းစိမ်များ,
အားလုံး အပ်နှင်းသည်။
၂၉၄။ ဘုရားလောင်းကား, မလိုလား,
ဘုရားဖြစ်ဖို့ ထွက်ခဲ့သည်။
၂၉၅။ ဘုရားဖြစ်ခါ, ရှေးဦးစွာ,
သူ့ထံ လာဖို့ ဖိတ်ပါသည်။

## ဆရာတွေနဲ့ တပည့်တွေ

၂၉၆။ ဘုရားလောင်းဟာ, ဝန်ခံကာ,
ဆရာ ရှာတော့သည်။
၂၉၇။ ရှင်အာဠာရ, ဥဒက,
ရာမသားထံ ရောက်သွားသည်။
၂၉၈။ ဈာန်သမာပတ်များ, ရလေငြား,
သူကား စွန့်ပယ်သည်။

http://www.dhammadownload.com



၂၉၉။ လောကကြီးအား, သူ့စွမ်းအား,
ပြသွားဖို့ ရည်သည်။
၃၀၀။ ဥရုဝေလ, တောကို ကြွ,
ဒုက္ကရစရိယာ ကျင့်လေပြီ။
၃၀၁။ ပဉ္စဝဂ္ဂီ, ငါးဦးသည်, ရောက်ပြီ လောင်းတော်ဆီ။
၃၀၂။ ပဉ္စဝဂ္ဂီ, အလီလီ, ကူညီလုပ်ပေးသည်။

## ဒုက္ကရစရိယာ

၃၀၃။ လောင်းတော်မြတ်ဟာ, လျှော့လျှော့ကာ,
အစာ စားခဲ့သည်။
၃၀၄။ နောက်သောအခါ, စားအစာ
စားတာ ဖြတ်လိုက်ပြီ။
၃၀၅။ အစာဖြတ်ခါ, နတ်တွေဟာ,
သြဇာသွင်းချင်သည်။
၃၀၆။ မွေးညင်းပေါက်မှာ, နတ်သြဇာ,
ထည့်တာ ပယ်ခဲ့သည်။

http://www.dhammadownload.com



၃၀၇။ အလွှန် ပိန်ကာ, ရွှေဆင်းဟာ,
မည်းကာ သွားလေပြီ။
၃၀၈။ လက္ခဏာသုံးဆယ်, ပိုနှစ်သွယ်,
ဖုံးကွယ်နေလေပြီ။
၃၀၉။ ဝမ်းဗိုက် စမ်းလတ်, ကျောရိုးရပ်,
စမ်းသပ်မိပါသည်။
၃၁၀။ ကျောရိုး စမ်းလတ်, ဝမ်းဗိုက်ရပ်,
စမ်းသပ်မိပါသည်။
၃၁၁။ မျက်လုံးတွေဟာ, ချိုင့်ဝင်ပါ,
တွင်းမှာ ရေလို ထင်ရသည်။
၃၁၂။ ဦးခေါင်းအရေ, တွန့်ကျုံ့နေ, သားရေမည်းနက်ပြီ။
၃၁၃။ ဒုက္ကရစရိယာ, (၆) နှစ်ကြာ, သူဟာ ကျင့်ခဲ့သည်။
၃၁၄။ စိတ်ကို စိတ်နဲ့, နှိပ်ကွပ်ခဲ့,
စားတဲ့ အကျင့်ကို ရှောင်ခဲ့သည်။

http://www.dhammadownload.com



၃၁၅။ ရှူလေ ရှိုက်လေ, ထိန်းချုပ်ပေ,
ဒါတွေကိုလည်း လုပ်ခဲ့သည်။
၃၁၆။ ထိုကျင့်ကြောင့်ကား, မြတ်ဘုရား,
ဖြစ်သွားတာတော့ မဟုတ်ပြီ။
၃၁၇။ ဒုက္ကရစရိယာ, (၆) နှစ်ကြာ,
ကျင့်တာ မှားခဲ့သည်။

## စွန့်သွားကြလေပြီ

၃၁၈။ ကာမချမ်းသာ, (၁၃) နှစ်ကြာ,
သူဟာ ခံစားသည်။
၃၁၉။ လျော့ - တင်း ရှောင်ကြဉ်, လယ်လမ်းတွင်,
သူ ပြင်လျှောက်ခဲ့သည်။
၃၂၀။ စျာန်ရဖို့ရာ, ကိုယ်ခန္ဓာ, အားဟာ လိုလာပြီ။
၃၂၁။ အားဖြစ်ဖို့ရာ, အကြမ်းစာ, ပြန်ကာ စားရသည်။
၃၂၂။ ရှာ, နိဂုံးမှာ, လှည့်လည်ကာ, သူဟာ ဆွမ်းခံသည်။

http://www.dhammadownload.com



၃၂၃။ (၁၅) ရက်တွင်း, သားရေ တင်း, မူရင်း ဖြစ်လာပြီ။
၃၂၄။ သုံးဆယ်နှစ်ဖြာ လက္ခဏာ, ထင်စွာ ပေါ်လာပြီ။
၃၂၅။ ကိုယ်အဆင်းဟာ, ရွှေပမာ, ဝင်းဝါလာပေပြီ။
၃၂၆။ ပဥ္စဝဂ္ဂီများ, လောင်းဘုရား, စွန့်သွားကြလေပြီ။
၃၂၇။ ပစ္စည်းများမှု, လုံ့လပြု, ကျင့်မှု သူ လွှတ်ပြီ။
၃၂၈။ ဤသို့ ထင်မှား, ထိုငါးပါး, စွန့်သွားတာ ဖြစ်သည်။
၃၂၉။ ဣသိပတန, ရပ်ဌာန, ကြွကြပါလေပြီ။

## သုဇာတာ

၃၃၀။ ကဆုန်လဆန်း (၁၄) ရက် ညမှာ,
လောင်းမြတ်ဟာ, ငါးဖြာအိပ်မက် မြင်မက်သည်။
၃၃၁။ ဒီနေ့ ငါက, မုန်မုချ, ဗုဒ္ဓ ဖြစ်လိမ့်မည်။
၃၃၂။ ဤသို့ ဆုံးဖြတ်, ည လွန်လတ်,
သန့်အပ် ကိုယ်လက်သည်။
၃၃၃။ ဆွမ်းခံချိန်ခါ, စောင့်လျက်သာ,
စောစွာ လာလိုက်သည်။

http://www.dhammadownload.com



၃၃၄။ ညောင်ပင်အောက်မှာ, ထိုင်နေရာ,
ရောင်ဝါ တစ်ပင်လုံး လင်းနေသည်။
၃၃၅။ နို့ဆွမ်း လှူရာ, ရွှေခွက်ပါ, သုဇာတာ လှူသည်။
၃၃၆။ တစ်သိန်းတန်ခွက်ပြည့်, နို့ဆွမ်း ထည့်,
လှူသည့် အမှုကို ပြုပါသည်။
၃၃၇။ သုဇာတာဟာ, ရှိခိုးကာ,
အောက်ပါစကားကို လျှောက်သည်။
၃၃၈။ ငါ့အလို ပြည့်သလို, သင့်အလို,
ပြည့်ကို ပြည့်ပါစေ။
၃၃၉။ သစ်ရွက်ဟောင်းပမာ, ရွှေခွက်မှာ,
စွန့်ကာ ဖဲသွားပြီ။

## နေရဥ္စရာ

၃၄၀။ ဘုရားလောင်းက, ထိုင်ရာမှ, ထလိုက်ပါလေပြီ။
၃၄၁။ ညောင်ပင်လက်ယာ, လှည့်ပြီးခါ,
သူဟာ ရွှေခွက် ယူပါသည်။

http://www.dhammadownload.com



၃၄၂။ နေရဥရာ, မြစ်ကမ်းမှာ, သူဟာ သွားပါသည်။
၃၄၃။ ဘုရားဖြစ်ရာ, ထိုနေ့မှာ, ရေချိုးရာ ဆိပ် ရှိသည်။
၃၄၄။ ထိုဆိပ်ကမ်းနား, ရွှေခွက် ထား,
ဆင်းသွား ရေချိုးသည်။
၃၄၅။ ဆိပ်မှ တက်ကာ, ရှေ့မျက်နှာ,
မူကာ ထိုင်လိုက်သည်။

## ၄၉

၃၄၆။ နို့ဆွမ်းဘုဉ်းရာ, ဆွမ်းလုတ်ဟာ,
(၄၉) ဖြာ ရှိသည်။
၃၄၇။ ထန်းသီးမှည့်စေ့မျှ, တစ်လုတ်က,
ပမာဏ ရှိသည်။
၃၄၈။ ဗောဓိပင်နီးမှာ, နေတဲ့ခါ, အာဟာရ ဖြစ်သည်။
၃၄၉။ (၄၉) ရက်ကြာ, ထိုနေရာ, သူဟာ နေပါသည်။
၃၅၀။ ထိုခါကာလ, ခြားအာဟာရ, ဘာမှ မရှိပြီ။

http://www.dhammadownload.com



၃၅၁။ မျက်နှာသစ်တာ, ရေချိုးတာ,
အိမ်သာ သွားတာ မရှိပြီ။
၃၅၂။ မင်္ဂဖိုလ်ချမ်းသာ, စျာန်ချမ်းသာ,
သူဟာ ခံစားသည်။

## ရွှေခွက်

၃၅၃။ နို့ဆွမ်းဘုဉ်းကာ, ရွှေခွက်ပါ, ယူကာ ပြောလေပြီ။
၃၅၄။ ဘုရားဖြစ်နိုင်ရင်, ရေအယဉ်,
ဆန့်ကျင် တက်ပါစေ။
၃၅၅။ မဖြစ်နိုင်ငြား, ရွှေခွက်ကား,
စုန်သွား အောက်သို့ပေ။
၃၅၆။ ဤသို့ ပြောကာ, ရေယဉ်မှာ, သူဟာ ပစ်ချပြီ။
၃၅၇။ ရေယဉ် ဖြတ်ငြား, မြစ်လယ် သွား,
ဆန်သွား ရေညာဆီ။
၃၅၈။ ဝဲတစ်ခုမှာ, နစ်မြုပ်ကာ, ရောက်ပါ နဂါးပြည်။

http://www.dhammadownload.com



၃၅၉။ (၃) ဆူဘုရား, ခွက်အောက်နား,
တည်သွားပါလေပြီ။

၃၆၀။ ကာဠုနဂါး, ထိုသံကြား,
ပြောကြားလိုက်လေသည်။

၃၆၁။ တစ်ဆူ ဗုဒ္ဓ, မနေ့က, ပွင့်ရခဲ့ပါပြီ။

၃၆၂။ ဒီနေ့ ထပ်ကာ, ဘုရားဟာ, ပွင့်လာပြန်ပါပြီ။

## ဗောဓိပင်

၃၆၃။ မြစ်ကမ်းဘေးတွင်, အင်ကြင်းပင်,
တောတွင် နေ့ နေသည်။

၃၆၄။ ညနေချိန်တွင်, ဗောဓိပင်, အရှင် ကြွသွားသည်။

၃၆၅။ သောတ္ထိယ အလှူလုပ်, မြက်ရှစ်ဆုပ်,
ကိုင်ဆုပ်ယူသွားသည်။

၃၆၆။ တောင် - မြောက် - နောက်မှာ, နင်းတဲ့ခါ,
မြေဟာ နိမ့် - မြင့်သည်။

http://www.dhammadownload.com



၃၆၇။ နင်းရာနေရာ, နိမ့်သွားပါ,
ခြားဟာ မြင့်တက်သည်။
၃၆၈။ နိမ့်ကျသွားလျှင်, အဝီစိပင်,
ရောက်တယ် ထင်ရသည်။
၃၆၉။ မြင့်တက်သွားလျှင်, ဘဝဂ်ပင်,
ရောက်တယ် ထင်ရသည်။
၃၇၀။ အရှေ့ဘက်သွား, နောက်ရပ်အား,
လှည့်ကြား ရပ်နေသည်။
၃၇၁။ အရှေ့ရပ်မှာ, များဗုဒ္ဓါ, ပွင့်ရာ ပလ္လင်တည်။
၃၇၂။ ထိုနေရာကား, မလှုပ်ရှား, တုန်သွား မရှိပြီ။
၃၇၃။ မြက်ဖျားကိုင်ကာ, လှုပ်လိုက်ပါ,
နေရာ ခင်းလိုက်သည်။
၃၇၄။ ပလ္လင်ဖြစ်ကာ, (၁၄) ဖြာ,
တောင်ဟာ ကျယ်လျက် တည်။
၃၇၅။ ပန်းခိုင်ကျော်ပင်, ထိုပလ္လင်, ရေးလျှင် ၁၀ စွမ်းပြီ။

http://www.dhammadownload.com



၃၇၆။ ဗောဓိပင်ကား, ကျော်မှာ ထား,
ရှေ့အား မျက်နှာမူလိုက်သည်။

၃၇၇။ ရိုး - ရေ - ကြောတွေ, ကျန်ပါစေ,
ခြောက်စေ သား, သွေးသည်။

၃၇၈။ ဘုရား မဖြစ်သေးသမျှ, ပလ္လင်မှ, ငါက မထပြီ။

၃၇၉။ ဆုံးဖြတ်ပြီးပေ, တင်ပျဉ်ခွေ, သူလေ ထိုင်လိုက်ပြီ။

## မာရ် နတ်

၃၈၀။ ထိုခါ မာရ်နတ်, သူ့စစ်တပ်,
ခေါ်လတ် ထွက်ခွာပြီ။

၃၈၁။ သူ့ရဲ့နယ်ပယ်, ဘုံသုံးသွယ်,
လွတ်တယ်ဆိုတာ မလိုပြီ။

၃၈၂။ ထို့ကြောင့် မာရ်နတ်, လောင်းတော်မြတ်,
ချဉ်းကပ်တိုက်ခိုက်သည်။

၃၈၃။ မာရ်နတ်ရှေ့မှာ, စစ်တပ်ဟာ,
(၁၂) ယူဇနာ ရှိသည်။

http://www.dhammadownload.com



၃၈၄။ ဝဲ - ယာဘက်မှာ, ရှေ့လိုသာ,
တပ်ဟာ ရှိနေသည်။
၃၈၅။ နောက်ကျောဘက်မှာ, စကြဝဠာ,
ဆုံးမှာထိ ရှိသည်။
၃၈၆။ အထက်ပေါ်မှာ, (၉) ယူဇနာ,
မြင့်ကာ တက်ပါသည်။
၃၈၇။ ယူဇနာတစ်ထောင်က, စပြီးမှ,
သံက မြည်ဟီးသည်။
၃၈၈။ ဂိရိမေခလာ, ဆင်ကြီးဟာ, (၁၅၀) ယူဇနာ ရှိသည်။
၃၈၉။ မာရ်နတ်မင်းကား, ထိုဆင်အား, စီးသွားပါလေပြီ။
၃၉၀။ လက်ရုံးတစ်ထောင်ထိ, ဖန်ဆင်းဘိ,
များသည့်လက်နက် ကိုင်စွဲသည်။
၃၉၁။ မာရ်နတ်တပ်မှာ, နှစ်ယောက်ဟာ,
တူစွာ လက်နက် မကိုင်ပြီ။

http://www.dhammadownload.com



၃၉၂။ မာရ်နတ်တပ်ဟာ, ဆင်းရောင်ဝါ,
မျက်နှာမျိုးမျိုး ရှိကြသည်။
၃၉၃။ လောင်းဘုရားအား, လွှမ်းလိုပြား,
တပ်ကား လာနေသည်။

## တစ်ယောက်တည်းသာ

၃၉၄။ တစ်သောင်းစကြဝဠာ, နတ်တွေဟာ,
ခြီးကျူးကာ နေသည်။
၃၉၅။ သိကြားနတ်မင်း, ခရုသင်း,
မှုတ်ရင်း ရပ်တည်သည်။
၃၉၆။ တစ်ခါ မှုတ်ရာ, (၄) လကြာ,
သံဟာ မြည်နေသည်။
၃၉၇။ ကာဠနဂါး, လောင်းဘုရား,
ဂုဏ်များ ပြောဆိုသည်။
၃၉၈။ ထီးဖြူ ဆောင်းကာ, မဟာဗြဟ္မာ,
ရပ်ကာ တည်နေသည်။

http://www.dhammadownload.com



၃၉၉။ မာရ်နတ် လာက, တစ်ယောက်မှ,
တည်ကြ မစွမ်းပြီ။
၄၀၀။ မျက်နှာမူရာ, ရပ်သို့သာ, ပြေးကာ သွားကြသည်။
၄၀၁။ ကာဠနဂါး, မြေငုပ်သွား,
နဂါးပြည် ရောက်သည်။
၄၀၂။ လက်နှစ်ဖက်နဲ့သာ, သူ့မျက်နှာ,
ပိတ်ကာ လဲလျောင်းပြီ။
၄၀၃။ သိကြားနတ်မင်း, ခရုသင်း,
တင်လျှင်း ကျောပြင်ဆီ။
၄၀၄။ စကြဝဠာ, နားရစ်မှာ, သူဟာ ရပ်နေပြီ။
၄၀၅။ မဟာဗြဟ္မာ, ထီးဖြူမှာ, စကြဝဠာစွန် ထားသည်။
၄၀၆။ မဟာဗြဟ္မာ, သူ့ပြည်သာ, ပြန်ကာ သွားလေပြီ။
၄၀၇။ တစ်ယောက်တည်းသာ, လောင်းမြတ်ဟာ,
ထိုင်ကာ နေရပြီ။

http://www.dhammadownload.com



# သူ့လက်နက် ကိုယ့်လက်နက်

၄၀၈။ ဘုရားလောင်းကား, ပါရမီများ,
ဆယ်ပါး ဆင်ခြင်သည်။

၄၀၉။ ပါရမီလက်နက်, သုံးပြုလျက်,
တိုက်ဖျက်ရပါသည်။

၄၁၀။ မာရ်နတ် ပစ်ပြား, လက်နက်များ,
စွမ်းအား ပျောက်ကွယ်သည်။

၄၁၁။ မာရ်နတ့် ပစ်ပြား, လက်နက်များ,
ဘုရားလောင်းထံ သွင်ပြောင်းသည်။

၄၁၂။ လက်နက်တွေဟာ, ပန်းပမာ,
ခြေမှာ လာရောက်သည်။

၄၁၃။ လေ - မိုး - ကျောက်တုံး, လက်နက်သုံး,
တောက်တုန်း မီးခဲသည်။

၄၁၄။ ပြာပူ - သဲ - ညွန်, မှောင်မိုက်လွန်,
(၉) တန် သူ လွှတ်သည်။

http://www.dhammadownload.com



၄၁၅။ လက်နက် (၉) ပါး, သုံးသော်ငြား,
ဘုရားလောင်းကား မပြေးပြီ။
၄၁၆။ ဖမ်း - သတ်ဖြတ်ဖို့, ပြေးစေဖို့,
သူ့တပ်တို့ကို ခိုင်းလေပြီ။
၄၁၇။ စက်လက်နက်ယူကာ, ချဉ်းကပ်ရာ,
အောက်ပါစကား ဆိုသည်။
၄၁၈။ သိဒ္ဓတ္ထ . . . ထ, ပလ္လင်က, ငါ့ဥစ္စာ ဖြစ်သည်။
၄၁၉။ သူ့စကား ကြား, လောင်းဘုရား,
စကား ပြန်ပြောသည်။
၄၂၀။ ပါရမီ - စရိယာ, စွန့်ငါးဖြာ, သင်ဟာ မလုပ်ပြီ။
၄၂၁။ ငါသာ လုပ်စွ, ဒါကြောင့်ပ, ငါကသာ ပိုင်သည်။
၄၂၂။ လွှန်ကဲ ဒေါ်ထွက်, စက်လက်နက်,
ပစ်လျက် ရှိပါသည်။
၄၂၃။ အလွန်ကြီးမား, တောင်ထွတ်များ,
သူကား လွှင့်ပြန်သည်။

http://www.dhammadownload.com



၄၂၄။ ပန်းကုံးပမာ, မြေပေါ်မှာ, ကျကာ သွားကြသည်။
၄၂၅။ စကြဝဠာ နှုတ်ခမ်းရစ် တည်ငြား,
နတ်တွေကား, စောင့်စားကြည့်ကြသည်။

## သက်သေ

၄၂၆။ လောင်းဘုရားကား, မာရ်နတ်အား,
စကား မေးလိုက်သည်။
၄၂၇။ သင် လျှုရာမှာ, သက်သေဟာ, ဘယ်သူပါနည်း။
၄၂၈။ မာရ်နတ်သည်ကား, သူ့တပ်အား,
ညွှန်ကြား သက်သေတည်။
၄၂၉။ ငါကား သက်သေ, ငါ သက်သေ,
အော်ဖြေ သူ့တပ်သည်။
၄၃၀။ လောင်းဘုရားအား, မာရ်နတ်ကား,
စကား ပြန်မေးသည်။
၄၃၁။ သင်လှူရာမှာ, သက်သေဟာ, ဘယ်သူပါနည်း။

http://www.dhammadownload.com



၄၃၂။ သက်ရှိသက်သေ, ငါ့မှာလေ, ဒီနေရာမှာ မရှိပြီ။
၄၃၃။ ခြားဘဝတွေက, ငါ့ဒါန, ဖယ်ထားကြပါလေ။
၄၃၄။ ဝေဿန္တရာ, ဘဝမှာ, ရာ (၇) ဖြာ လှူခဲ့သည်။
၄၃၅။ သက်သေ ဟုတ်လား, မဟုတ်လား,
မြေအား မေးလိုက်ပြီ။
၄၃၆။ ညာဘက်ဖြစ်ငြား, သူ့လက်ကား,
မြေအား ညွှန်လေပြီ။
၄၃၇။ သက်သေခံငြား, မြေကြီးကား,
တအား တုန်လှုပ်ပြီ။
၄၃၈။ ရာ - ထောင် - သိန်းများ, အသံများ,
မြေကား မြည်ဟီးသည်။
၄၃၉။ ဝေဿန္တရာဘဝ, လှူဒါန, သူက ဆင်ခြင်သည်။

http://www.dhammadownload.com



# သိဒ္ဓတ် အောင်ပွဲ

၄၄၀။ ဆင်ကြီး မေခလာ, ဒူးတုပ်ကာ,
မြေမှာ ရပ်တည်ပြီ။
၄၄၁။ မာရ်နတ်တပ်ဟာ, ရှစ်မျက်နှာ,
ပြေးကာ သွားကြပြီ။
၄၄၂။ တစ်လမ်းတည်းမှာ, နှစ်ယောက်ဟာ,
သွားတာ မရှိပြီ။
၄၄၃။ အဆင်တန်ဆာ, ဝတ်တွေပါ,
စွန့်ကာ ပြေးကြသည်။
၄၄၄။ နတ်အပေါင်းဟာ, မာရ်တပ်မှာ,
ပြေးတာ မြင်ကြသည်။
၄၄၅။ သိဒ္ဓတ်အောင်ပွဲ, မာရ် ရှုံးပွဲ, ဆင်နွှဲပူဇော်မည်။
၄၄၆။ နတ် - နဂါး - ဗြဟ္မာ, ဂဠုန်ပါ,
ပျော်ကာ ကြွေးကြော်သည်။

http://www.dhammadownload.com



၄၄၇။ လှောင်းမြတ်ထံ လာ, ပန်း နံ့သာ,
ယူကာ ပူဇော်ပြီ။
၄၄၈။ တစ်သောင်း စကြဝဠာ, နတ် ဗြဟ္မာ,
နံ့သာ ပန်းတွေ ပူဇော်ပြီ။
၄၄၉။ ချီးကျူးစကား, အစားစား,
ပြောကြား ရပ်တည်သည်။
၄၅၀။ နေ မဝင်ခင်, တို့အရှင်, အောင်မြင်ခဲ့ပါသည်။

## ဘုရားဖြစ်ချိန်

၄၅၁။ ပထမယံတွင်, ရှေးဖြစ်စဉ်, သိမြင်ဉာဏ် ရသည်။
၄၅၂။ လယ်ပိုင်းယံခါ, ဝေးနီးမှာ, ရှိတာ မြင်သိသည်။
၄၅၃။ နောက်ဆုံးယံခါ, ပဋိစ္စ,
သမုပ္ပါဒ်မှာ ဆင်ခြင်သည်။
၄၅၄။ လောကဓာတ်တစ်သောင်းဟာ,
(၁၂) ခါ, ပြင်းစွာ တုန်လှုပ်သည်။

http://www.dhammadownload.com



၄၅၅။ အရုဏ်တက်ဖို့ရာ, ဆဲဆဲမှာ,
သူဟာ ဘုရား ဖြစ်ပြီ။
၄၅၆။ ဖြစ်ပြီးစမှာ, အရုဏ်ဟာ, တက်ကာ သွားပါသည်။

## ထူးထူးဆန်းဆန်း

၄၅၇။ လောကဓာတ် တစ်သောင်းဟာ,
ဆင်တန်ဆာ, ထိုခါ ဆင်ထားသည်။
၄၅၈။ အရှေ့စကြဝဠာ, နှုတ်ခမ်းရစ်မှာ,
တံခွန်များစွာ စိုက်ထားသည်။
၄၅၉။ တံခွန်ရောင်များ,
အနောက်စကြဝဠာ နှုတ်ခမ်းရစ်အား,
ထိပါးရိုက်ခတ်သည်။
၄၆၀။ နောက် - မြောက် - တောင်မှာ,
ထို့တူသာ, ရောင်ဟာ ရိုက်ပုတ်သည်။
၄၆၁။ မြေပြင်စိုက်ထား, တံခွန်များ,
ရောင်ကား ဗြဟ္မာ့ပြည် ရောက်သည်။

http://www.dhammadownload.com



၄၆၂။ ဖြဟ္မာ့ပြည်မှ, ထိုရောင်က, ရောက်စွ မြေပြင်ဆီ။

၄၆၃။ တစ်သောင်း စကြဝဠာ, သစ်ပင်ဟာ,
ပွင့်ကာ သီးကြသည်။

၄၆၄။ ပင်စည်တွေမှာ, ပဒုမ္မာ, ကြာဟာ ပွင့်ကြပြီ။

၄၆၅။ အကိုင်းတွေမှာ, ပဒုမ္မာ, ကြာဟာ ပွင့်ကြပြီ။

၄၆၆။ နွယ်များစွာမှာ, ပဒုမ္မာ, ကြာဟာ ပွင့်ကြပြီ။

၄၆၇။ ကောင်းကင်ထဲမှာ, ပဒုမ္မာ, ကြာဟာ တွဲကျပြီ။

၄၆၈။ ကျောက်ဖျာခွဲကာ, (၇) ထပ်ပါ,
ရိုးကြာ ပေါ်ထွက်ပြီ။

၄၆၉။ စကြဝဠာ, တစ်သောင်းဟာ,
လှည့်ကာ လိမ့်နေသည်။

၄၇၀။ လောကန္တရိက်ငရဲမှာ, အရောင်ဟာ,
လွန်စွာ လင်းလျက် တည်။

၄၇၁။ သမုဒ္ဒြာမှာ, ရေတွေဟာ, ချိုကာ နေကြပြီ။

၄၇၂။ မြစ်တွေမှာကား, ရေယဉ်များ, စီးသွား မရှိပြီ။

http://www.dhammadownload.com



၄၇၃။ မျက်ကန်းတွေကား, ဆင်း မြင်သွား,
မကြားသူတွေ ကြားလာသည်။
၄၇၄။ ခြေဆွံ့သူများ, ခြေဖြင့် သွား,
ဖွဲ့များ ပြတ်၍ တည်။

## ဥဒါန်း

၄၇၅။ ဘုရားဖြစ်သွား, ဥဒါန်းစကား,
ဘုရား ကျူးရင့်သည်။
၄၇၆။ အားလုံး ဘုရား, ထိုစကား, ကျူးသွားခဲ့ကြပြီ။
၄၇၇။ ခန္ဓာအိမ်ဆောက်ဒြား, လက်သမား,
ငါကား ရှာခဲ့သည်။
၄၇၈။ ဘဝသိန်းများစွာ, ရှာရင်းသာ, ခါခါ လည်ခဲ့ပြီ။
၄၇၉။ အကုန်သိဒြား, ဉာဏ်ကိုကား, ငါကား မရခဲ့ပြီ။
၄၈၀။ မွေးပြီးနောက်မှာ, အိုနာကာ,
သေတာ ကပ်ပါသည်။

http://www.dhammadownload.com



၄၈၁။ ထို့ကြောင့် ခါခါ, မွေးရတာ, လွန်စွာ ဆင်းရဲသည်။

၄၈၂။ ထို့ကြောင့် လက်သမား,
ရှာဖွေငြား, ပြေးသွားလည်ခဲ့ပြီ။

၄၈၃။ အိုဘယ့်. . . တဏှာ, သင့်ကို ငါ, ခုခါ တွေ့ပြီးပြီ။

၄၈၄။ သင်တဏှာဟာ, အိမ်ဂေဟာ,
ထပ်ကာ ဆောက်လို့ မရပြီ။

၄၈၅။ ကိလေသာ ခြင်ရနယ်, အသွယ်သွယ်,
တကယ် ချိုးပြီးပြီ။

၄၈၆။ အိမ်ထွတ်မည်စွ, မိုက်မောဟ, ငါက ဖျက်ပြီးပြီ။

၄၈၇။ ရုပ်နာမ်ကင်းရာ, နိဗ္ဗာန်မှာ,
စိတ်ဟာ ရောက်နေပြီ။

၄၈၈။ တဏှာကုန်ဆို, အရဟတ္တဖိုလ်, ရကို ရပြီးပြီ။

၄၈၉။ ဤဥဒါန်းစကား, မြတ်ဘုရား,
ကျူးသွားခဲ့ပါသည်။

၄၉၀။ ဒီဥဒါန်းက, ပထမ, ဗုဒ္ဓစကားမည်။

http://www.dhammadownload.com



# (၇) ရက် (၇) လီ

၄၉၁။ ယနေ့ထိပင်, သိဒ္ဓတ်တွင်,
ပလ္လင်ပေါ်မှာ တွယ်သေးသည်။
၄၉၂။ ဤသို့ နတ်များ, ကြံစည်ငြား, ဘုရား သိလေပြီ။
၄၉၃။ ထိုကြံ ဖျောက်ရန်, ကောင်းကင်ယံ,
ဈာန်ပျံတက်သွားသည်။
၄၉၄။ ရေမီးစုံစွာ, ကိုယ်ခန္ဓာ, နေရာနှံ့မှ ထွက်ပြသည်။
၄၉၅။ ပလ္လင်မှသည်, ရှေ့ - မြောက် ဆီ,
သူသည် ရပ်လိုက်ပြီ။
၄၉၆။ ပလ္လင်ကိုရော, ညောင်ပင်ရော,
မမှိတ်သော မျက်စိနဲ့ ကြည့်နေသည်။
၄၉၇။ ထိုသို့ ကြည့်ရာ, (၇) ရက်ကြာ,
ချိန်ဟာ ကုန်သွားသည်။
၄၉၈။ ထိုနေရာက, အနိမိသ, စေတိယ မည်သည်။

http://www.dhammadownload.com



၄၉၉။ ပလ္လင်နှင့်သာ, ရပ်နေရာ,
ကြားမှာ စင်္ကြံ ဖန်ဆင်းသည်။
၅၀၀။ အရှေ့ - အနောက်ရှည်,
စင်္ကြံသည်, ရတနစင်္ကမစေတီ။
၅၀၁။ စင်္ကြံကြွပါ, ထိုနေရာ, (၇) ရက်ကြာ ကုန်သည်။
၅၀၂။ ဗောဓိပင်မှ, နောက် - မြောက်က,
ရတနဃရ တည်။
၅၀၃။ နတ် ဖန်ဆင်းပါ, ထိုနေရာ,
(၇) ရက်ကြာ နေသည်။
၅၀၄။ ထိုနေရာမှာ, အဘိဓမ္မာ,
ထူးစွာ ပဋ္ဌာန်း သုံးသပ်သည်။
၅၀၅။ ဗောဓိပင်နားမှာ, (၇) (၄) ခါ,
ချိန်ဟာ ကုန်သွားသည်။
၅၀၆။ ဆိတ်ကျောင်းညောင်ပင်, (၇) ရက်ပင်,
မြတ်ရှင် နေခဲ့သည်။

http://www.dhammadownload.com



၅၀၇။ တရား ဆင်ခြင်ပါ, ဖိုလ်ချမ်းသာ,
ထိုမှာ ခံစားသည်။

၅၀၈။ ကျည်းပင်အောက်မှာ, နေတဲ့ခါ,
အခါမဲ့မိုး ရွာသည်။

၅၀၉။ ခါမဲ့မိုးဟာ, (၇) ရက်ရွာ,
ထိုခါ နဂါးမင်း လာသည်။

၅၁၀။ အခွေ (၇) ပတ်, ဘုရားမြတ်,
ရစ်ပတ် ပူဇော်သည်။

၅၁၁။ ပါးပျဉ်း ဖြန့်ကြက်, ဦးခေါင်းထက်,
ခြင် - မှက် စသည် ကာကွယ်သည်။

၅၁၂။ ထိုကျည်းပင်မှာ, (၇) ရက်ကြာ,
ဖိုလ်ချမ်းသာကို ခံစားသည်။

၅၁၃။ လင်းလွန်းပင်တွင်, (၇) ရက်ပင်,
ဖိုလ်တွင် ဝင်စားသည်။

http://www.dhammadownload.com



၅၁၄။ (၇) နေရာမှာ, (၇) ရက်စီသာ,
မြတ်စွာ နေခဲ့သည်။
၅၁၅။ (၄၉) ရက်မြောက်မှာ, ဘုရားဟာ,
မျက်နှာသစ်ဖို့ စိတ် ဖြစ်သည်။
၅၁၆။ သိကြားမင်း - ကြဖုသီး, ဘုဦးပေးပြီး,
ကျင်ကြီး - ကျင်ငယ် သွားလေသည်။
၅၁၇။ ကွမ်းရိုးဒန်ပူ, အိုင်ရေဟူ, သူပင် လှူဒါန်းသည်။
၅၁၈။ သိကြားမင်း လှူတာ, သုံးစွဲကာ,
လင်းလွန်းပင်မှာ နေလိုက်သည်။

## ညီနောင်

၅၁၉။ ဥက္ကလာဇနပုဒ်မှ, လယ်ဒေသ,
သွားကြ ကုန်သည်သည်။
၅၂၀။ အစ်ကို တပုဿ, ဘလ္လိက, နာမ ရှိကြသည်။
၅၂၁။ ဆွေမျိုးနတ်ကား, လှည်းတွေ တား,
သွားလို့ မရပြီ။

http://www.dhammadownload.com



၅၂၂။ စားဖွယ် စိမံဖို့ရာ၊ ထိုနတ်ဟာ၊
မြတ်စွာအတွက် တိုက်တွန်းသည်။
၅၂၃။ မုန့်မှုန့် - မုန့်ဆုပ်၊ ယူကာ ထုတ်၊
မြတ်ဗုဒ္ဓအား လှူကြသည်။
၅၂၄။ နို့ဆွမ်းခံရာ၊ ထိုနေ့မှာ၊ ပျောက်ပါ သပိတ်သည်။
၅၂၅။ နတ်ကြီး (၄) ပါး၊ ပတ္တမြား၊ သပိတ်များ လှူသည်။
၅၂၆။ ထိုသပိတ်များ၊ မြတ်ဘုရား၊
ပယ်ရှားလိုက်ပါသည်။
၅၂၇။ ပဲနောက်ဆင်းရှိုငြား၊ ကျောက်သပိတ်များ၊
လှူသွားကြပြန်သည်။
၅၂၈။ ထိုခါ ဘုရား၊ နတ် (၄) ပါး၊ သနားတော်မူသည်။
၅၂၉။ (၄) လုံး ထပ်ပြီး၊ တစ်လုံးတည်း၊
ဖြစ်ပြီး သွားပါစေ။
၅၃၀။ ဤသို့ မြတ်စွာ၊ ဓိဋ္ဌာန်ရာ၊ တစ်လုံးသာ ဖြစ်သည်။

http://www.dhammadownload.com



၅၃၁။ ရှယ်စား လယ်လတ်, နားရစ်မှတ်,
(၄) ရပ် ရှိပါသည်။
၅၃၂။ ထိုသပိတ်နဲ့သာ, ထိုအစာ, မြတ်စွာ လှူခံပြီ။
၅၃၃။ ဘုဉ်းပေးပြီးငြား, ညီနောင်အား,
တရားဟောပါသည်။
၅၃၄။ ဘုရား - တရား, ညီနောင်ကား,
လေးစားကိုးကွယ်သည်။
၅၃၅။ ဒီညီနောင်ဟာ, ဦးစွာသာ, ဥပါသကာ ဖြစ်ပြီ။
၅၃၆။ ကိုးကွယ်ဖို့ရာ, ညီနောင်ဟာ,
မြတ်စွာအား တောင်းသည်။
၅၃၇။ ဦးခေါင်း သုံးသပ်, ဆံတော်မြတ်,
ပေးအပ်တော်မူသည်။
၅၃၈။ ရွှေကြုတ်ထဲ ထည့်, မြို့ ယူခဲ့, တည်ခဲ့ မြတ်စေတီ။

http://www.dhammadownload.com



# သဟမ္ပတိ

၃၃၉။ လင်းလွန်းပင်မှ, ထပြီးက,
အဇပါလ ပြန်ကြွသည်။
(အဇပါလ = ဆိတ်ကျောင်းညောင်ပင်)

၃၄၀။ ရပြီး တရား, မြတ်ဘုရား, စဉ်းစား ဆင်ခြင်သည်။

၃၄၁။ လေးနက်တရား, မြတ်ဘုရား,
ဟောကြားလိုစိတ် ကင်းနေသည်။

၃၄၂။ သဟမ္ပတိဗြဟ္မာ, သွားရောက်ကာ,
ဟောပါလို့ လျှောက်သည်။

၃၄၃။ သဟမ္ပတိအား, ဝန်ခံသွား,
ဟောကြားဖို့ ကြည့်ပြီ။

၃၄၄။ အာဠာရဟာ, သေသွားတာ, ရက်မှာ (၇) ရှိပြီ။

၃၄၅။ ဥဒက က, လွန်ပြီးစွ, ညက သေသွားပြီ။

http://www.dhammadownload.com



# ပဉ္စဝဂ္ဂီ

၃၄၆။ ကျေးရွာများပြား၊ ငါးဦးအား၊
ဟောကြားဖို့ ကြံစည်။

၃၄၇။ ဗာရာဏသီ၊ ဘေးမဲ့ မည်၊
တောဆီ ရောက်နေသည်။

၃၄၈။ ထို့ကြောင့် ဗုဒ္ဓ၊ ထိုဆီ ကြွ၊ ဓမ္မစကြာ ဟောဖို့ ရည်။

၃၄၉။ ဝါဆိုလဆန်း (၁၄) ရက်မှာ၊ စောစောခါ၊
ထွက်ခွာလာခဲ့သည်။

၃၅၀။ (၁၈) ယူဇနာ၊ ခရီးမှာ၊ သပိတ်ယူကာ ကြွခဲ့သည်။

၃၅၁။ အာဇီဝက၊ ဥပက၊ ဗုဒ္ဓ မြင်တွေ့သည်။

၃၅၂။ ဗုဒ္ဓအဖြစ်၊ သူပြောဖြစ်၊ သူ နှစ်သက်သွားသည်။

၃၅၃။ ညနေချိန်ခါ၊ ထိုနေ့မှာ၊
ဗာရာဏသီ တော ရောက်သည်။

၃၅၄။ ပစ္စည်းများမှု၊ လုံ့လပြု၊ ကျင့်မှု လွတ်သွားပြီ။

http://www.dhammadownload.com



၅၅၅။ ဤသို့ တွေးမှား၊ ငါးဦးကား၊ ဘုရား မကြိုချင်ပြီ။
၅၅၆။ ထိုငါးဦးအား၊ မေတ္တာများ၊ ဘုရား ပို့လွှတ်ပြီ။
၅၅၇။ ရှိခိုးဝပ်တွား၊ ကြို စသား၊
ကိစ္စအားလုံး လုပ်ပေးပြီ။
၅၅၈။ ဘုရားဖြစ်တာ၊ မသိပါ၊ ခေါ်တာ မှားကြသည်။
၅၅၉။ နာမည်နဲ့ ခေါ်၊ ငါ့ရှင် ခေါ်၊ အခေါ် မယဉ်ပြီ။
၅၆၀။ ထိုသို့မခေါ်ရေး၊ သတိပေး၊ သိပေး ဘုရားဖြစ်ပြီ။
၅၆၁။ ဝါဆိုလပြည့်မှာ၊ ဓမ္မစကြာ၊
မြတ်စွာ ဟောလိုက်ပြီ။
၅၆၂။ ပဉ္စဝဂ္ဂီခေါ်ငြား၊ ငါးဦးကား၊ တရားဦး နာပြီ။
၅၆၃။ ကောဏ္ဍညပြင်၊ ဗြဟ္မာတွင်၊
(၁၈) ကုဋေပင် ရှိသည်။
၅၆၄။ တိုင်းတာ မရှိပါ၊ နတ်တွေပါ၊
သောတာပန် ဖြစ်သည်။
၅၆၅။ ကျော် (၁) ရက်မှာ၊ ဝပ္ပဟာ၊
သောတာပန် ဖြစ်သည်။

http://www.dhammadownload.com



၅၆၆။ ဘဒ္ဒိယဟာ, (၂) ရက်မှာ,
(၃) မှာ မဟာနာမ် ဖြစ်သည်။
၅၆၇။ (၄) ရက်ရောက်ရှိ, အဿဇိ,
ဖြစ်၏ သောတာပန်သည်။
၅၆၈။ ကျော် (၅) ရက်မှာ, ရဟန္တာ, ဖြစ်ကာ သွားကြပြီ။
၅၆၉။ အနတ္တတရား, မြတ်ဘုရား,
ဟောကြားလိုက်ပါသည်။

## ရဟန္တာ (၆၁)

၅၇၀။ အိမ်က ထွက်လာ, ယသဟာ,
ညမှာ သောတာပန် ဖြစ်သည်။
၅၇၁။ ထို့နောက်နေ့မှာ, ရဟန္တာ, သူဟာ ဖြစ်သွားသည်။
၅၇၂။ (၅၄) ပါး, သူ့မိတ်များ, ဖြစ်သွားကြပြန်ပြီ။
၅၇၃။ ရဟန္တာကား, (၆၁) ပါး, ဖြစ်သွားကြပါပြီ။
၅၇၄။ ဝါကျွတ်ပြီးငြား, (၆၀) အား, ဘုရား စေလွှတ်ပြီ။

http://www.dhammadownload.com



၅၇၅။ အရပ်များစွာ, ကြွရောက်ကာ,
သာသနာပြုကြသည်။

## ဘဒ္ဒဝဂ္ဂီနဲ့ ညီနောင် (၃) ပါး

၅၇၆။ ဥရုဝေလ, ကိုယ်တိုင် ကြွ, ဘဒ္ဒဝဂ္ဂီ ဆုံးမသည်။
၅၇၇။ ထို (၃၀) အား, ခရီးကြား,
တောဝါးတွင် ဟောသည်။
၅၇၈။ နိမ့်ဆုံး - သောတာ, မြင့်ဆုံးမှာ,
အနာဂါမ် ဖြစ်သည်။
၅၇၉။ ညီနောင် (၃) ပါး, ရသေ့များ, ဘုရား ဆုံးမသည်။
၅၈၀။ မီးလောင်တရား, မြတ်ဘုရား,
ဟောကြားပေးပါသည်။
၅၈၁။ ထိုတရားနာ, သူတို့ဟာ, ရဟန္တာ ဖြစ်ကြပြီ။

http://www.dhammadownload.com



# ဗုဒ္ဓသော်မှ

၅၈၂။ ဤနည်းဖြင့်သာ, သာသနာ, မြတ်စွာ ဖြန့်ခဲ့သည်။
၅၈၃။ (၄၅) ဝါ, ကာလကြာ, များစွာ ကျိုးဆောင်သည်။
၅၈၄။ နေ့ညမအား, မြတ်ဘုရား, ကြိုးစားတော်မူသည်။
၅၈၅။ ရန်သူကိုပင်, သားအသွင်, ချစ်ခင်ကြင်နာသည်။
၅၈၆။ လူ - နတ် - ဗြဟ္မာ, များသတ္တာ,
ချမ်းသာသွားကြသည်။
၅၈၇။ သက် (၈၀) တွင်, နိဗ္ဗာန်ခွင်, ခိုဝင်သွားလေပြီ။
၅၈၈။ ဗုဒ္ဓသော်မှ, အနိစ္စ, ဘာမှ မြဲ မတည်။

သာမဏေကျော်

သာမဏေကျော်၊ မဟာဂန္ဓာရုံကျောင်းတိုက်
လှော်ကားဥယျာဉ်အနီး
မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း
တန်ခူးလဆန်း (၄) ရက်၊ ၁၃၆၉ - ခု
(၉-၄-၂၀၀၈)